မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလကွယ်နေ့၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၉၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ရိုကိုနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃၀

၂၀၁၁ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်ရိုကိုနိုင်ငံ ဆဋ္ဌမမြောက် မိုဟာမက်ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျဉ်းမြောင်းသည့် လူမျိုးစွဲဝါဒ၊ ဒေသစွဲဝါဒများ မထားရှိဘဲ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်မှသာ မိမိတို့နိုင်ငံ အဓွန့်ရှည်တည်တံ့နေမည်

အတိတ်ကဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စည်းလုံးညီညွတ်စွာနေထိုင်

နေပြည်တော် ဇူလိုင် ၂၉

ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ စစ်ဦးစီးအရာရှိချုပ်(လေ)နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် သံတွဲမြို့ သံတွဲလေဆိပ်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး နံနက် ၈ နာရီတွင် တောင်ကုတ်မြို့သို့ ရောက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❍

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၃၀ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရေး အတတ်ပညာ၊ အသိပညာများ အသုံးချကြိုးပမ်းဖော်ဆောင်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်၊ သတင်းအချက်အလက်နှင့် နည်းပညာများဖွံ့ဖြိုးတိုးတက်ရန်၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်မှ အားပေးမြှင့်တင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သဘာဝသယံဇာတများ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ရာ ယင်းသယံဇာတများကို စီးပွားဖြစ်ထုတ်ယူအသုံးပြုနိုင်ရန် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ ဖြစ်ကြသော အသိပညာရှင်၊ အတတ်ပညာရှင်များ ပိုမိုဖြစ်ထွန်းရန် အထူးအရေးပါလျက်ရှိသည်။

သတင်းအချက်အလက်နည်းပညာရပ်များ တိုးတက်မြင့်မားလာသည်နှင့်အမျှ အဆင့်မြင့်ဆက်သွယ်ရေးနည်းပညာများသည်လည်း ပြောင်းလဲတိုးတက်နေသည့်အတွက် ကမ္ဘာတစ်ဝန်း ရင်ပေါင်တန်းနိုင်ရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ၊ အီလက်ထရွန်နစ်ဆိုင်ရာ အဆင့်မြင့် အင်ဂျင်နီယာ ဘာသာရပ်များသည်လည်း ပြောင်းလဲတိုးတက်နေရမည်ဖြစ်သည်။

ယနေ့ခေတ်သည် IT ခေတ်ဖြစ်သည့်အလျောက် နိုင်ငံတကာမှအတွေ့အကြုံများရယူ၍ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများသည် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကို တီထွင်အသုံးပြုပြီး ကိုယ်ပိုင်အင်အားနှင့်ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၌လည်း သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့အချိန်ကာလတွင် နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးလျက်ရှိရာတွင် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ပေးပြီး ဒီပလိုမာ၊ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့များ၊ အင်ဂျင်နီယာများ၊ ကွန်ပျူတာပညာရှင်များ၊ အသုံးချသိပ္ပံပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။ တိုးတက်ပြောင်းလဲနေသော နည်းပညာများကို လေ့လာသိရှိခွင့်ရသည်နှင့်အမျှ ယနေ့လူငယ်များသည် နည်းပညာနယ်ပယ်၌ နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နည်းပညာနှင့် ကွန်ပျူတာပညာရှင်၊ အင်ဂျင်နီယာများနှင့် ဇီဝနည်းပညာရှင်များသည် တတ်ကျွမ်းထားသည့် အတတ်ပညာ၊ ဆည်းပူးထားသည့် အသိပညာများဖြင့် ထိရောက်အသုံးဝင်သော သုတေသနလုပ်ငန်း ရလဒ်များကိုအသုံးချပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရန် ကြိုးပမ်းစွမ်းဆောင်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာ၊ သားငါးမွေးမြူထုတ်လုပ်မှုတိုးတက်ရေး စစ်တွေမြို့နယ်၌ ဆွေးနွေး

စစ်တွေ ဇူလိုင် ၂၉

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်ယာ၊ သားငါးထုတ်လုပ်မှုတိုးတက်ရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က စစ်တွေမြို့နယ် မောင်နီပြင်နှင့် သင်ပုန်းတန်းကျေးရွာတို့၌ကျင်းပရာ တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လယ်ယာ၊ သားငါးမွေးမြူထုတ်လုပ်သူများအစုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေး၊ တစ်ရွာလျှင် ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်ရေး၊ ငွေကြေးအရင်းအနှီးရရှိရေးအတွက် အစုကိုယ်စီထည့်ဝင်ပြီး အသေးစားငွေစုငွေချေးအသင်းများ ဖွဲ့စည်းပြီး ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ရေး စသည်တို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန)

ငါးသယံဇာတထိန်းသိမ်းရေး တိုက်ကြီး၌ ပညာပေးဟောပြော

တိုက်ကြီး ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အုန်းပင်စုကျေးရွာ စိုက်ပျိုးရေးရှင်းလင်းဆောင်၌ ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိုင်းဦးစီးမှူး ဦးညွှန့်ဆန်းနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးတင့်အောင်တို့က ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးမေးမြန်း

ထို့နောက် တက်ရောက်လာကြသော ကျေးရွာအုပ်စုများမှ တောင်သူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ လပွတ္တာမြို့နယ်၌ ပေးအပ်

လပွတ္တာ ဇူလိုင် ၂၉

လပွတ္တာမြို့နယ်အတွင်းရှိ တောင်သူများအား အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်မှ ၂၀၁၁-၂၀၁၂ မိုးစပါးစိုက်ပျိုးစရိတ် (ပထမအရစ်) ထုတ်ပေးပွဲ အခမ်းအနားကို ဇူလိုင် ၂၀ရက် နံနက် ၁၁နာရီက လပွတ္တာမြို့ ရွှေနဒီခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားပြီး အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက် အထွေထွေမန်နေဂျာ ဦးအောင်ကျော်စိုးက စိုက်ပျိုးစရိတ်ချေးငွေများပေးအပ်ရခြင်းအကြောင်းနှင့် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမြင့်က သိပ္ပံနည်းကျစပါးစိုက်ပျိုးနည်းများကို ရှင်းလင်းပြောကြားကြသည်။

ပေးအပ်

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဦးတင်စိုးက လပွတ္တာမြို့ ဖြိုးခေလယ်ယာကုန်ထုတ်အသင်းသို့ စိုက်ပျိုးစရိတ်ချေးငွေ ၄၃၉ ဒသမ ၅ သိန်းကို အသင်းဥက္ကဋ္ဌ ဦးတလုပ်ထံ ပေးအပ်သည်။ **(အပေါ်ဝဲပုံ)** အဓိပတိလယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လီမိတက်မှ လပွတ္တာမြို့နယ်အတွင်း စိုက်ဧက ၂၀၀၀၀ အတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းတစ်သောင်း ပေးအပ်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဘားအံမြို့အတွင်းလမ်းများအား မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြင်ဆင်ထိန်းသိမ်းလျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဝင်းဝင်းခိုင် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဇွဲကပင်လမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၇ ရက်က အမှုဆောင်အရာရှိ ဦးနီထွန်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ငွေဆောင်၌ ကျောက်ချောလမ်းခင်း

ငွေဆောင် ဇူလိုင် ၂၉

ငွေဆောင်မြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ဖြင့် အမှတ်(၂) ရပ်ကွက် ၈ လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၂၅ ရက်က မြို့စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဝင်းထွဋ်လွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စွာဝင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပြည်သူလူထုအားလုံး အရည်အသွေးမီ၊ အဆင့်အတန်းမီ၊ လက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုမျိုး ရရှိစေရေးဆောင်ရွက်

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲဖွင့်

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၉

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားကျန်းမာရေးပညာရှင်ကြီးများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဤနေ့သည် မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍတွင် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဟု ဆိုချင်ကြောင်း၊ နိုင်ငံတော်က တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်နှင့် ကျန်းမာရေးဝန်ကြီးဌာနအား အမျိုးသားကျန်းမာရေးမူဝါဒများကို အခြေခံပြီး လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်နှစ်ရပ်နှင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

တိုးမြှင့်စေလွှတ်

နိုင်ငံတစ်နိုင်ငံတွင် အရည်အချင်းမြင့်မားပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ဆေးပညာရှင်များ အများအပြား မွေးထုတ်နိုင်ရေးကိစ္စသည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်နေသော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မြင့်မားတိုးတက်ရေးအတွက် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့ကို တိုးချဲ့ဖွင့်လှစ်ထားရှိသကဲ့သို့ တက္ကသိုလ်အသီးသီး၌လည်း ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဒီပလိုမာစသည့် သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ထားပြီး ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ပညာရပ်ဆိုင်ရာ နယ်ပယ်အသီးသီးတွင် ဆည်းပူးလေ့လာနိုင်ရန် ပြည်ပနိုင်ငံများသို့လည်း တိုးမြှင့်စေလွှတ်ပေးလျက်ရှိကြောင်း။

သို့ရာတွင် တကယ့်အရည်အသွေးပြည့်ဝသောသူများဖြစ်ရန် ပြုပြင်မှုများ လိုအပ်နေသေးသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

တိုးချဲ့ဖွင့်လှစ်

ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ဆေးပေးခန်းများနှင့် ဆေးပညာသင်ကြားရန် တက္ကသိုလ်များ၊ သင်တန်းကျောင်းများစသည်တို့ တိုးချဲ့တည်ဆောက်နေသည့် တစ်ချိန်တည်းမှာပင် ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်းများကိုလည်း အများအပြားလေ့ကျင့်သင်ကြားမွေးထုတ်ပေးပြီး နိုင်ငံအနှံ့ ဖြန့်ကြက်တာဝန်ပေးထမ်းဆောင်လျက်ရှိကြောင်း၊ ဆေးရုံအဆောက်အအုံနှင့် ဆေးရုံသုံးခေတ်မီစက်ပစ္စည်းကိရိယာများအတွက် နိုင်ငံတော်က ကျန်းမာရေးအသုံးစရိတ်ကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည့်အတွက် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများလည်း တိုးချဲ့ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါသော်လည်း လိုအပ်မှုများရှိနေသေးသည်ကို တွေ့ရှိရကြောင်း။

ဆောင်ရွက်ပေး

ကုသရေးလုပ်ငန်းများအပြင် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက်ပြီး ကူးစက်ရောဂါများအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း စသည့်လုပ်ငန်းများကို ကျေးလက်ဒေသများသာမက နယ်စပ်ဒေသများအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းကဏ္ဍအသီးသီးတွင် ထမ်းဆောင်နိုင်ရန်အတွက် ဆေးတက္ကသိုလ်များမှ မွေးထုတ်လိုက်သော မြန်မာနိုင်ငံရှိ ဆရာဝန်စုစုပေါင်းသည် ယခုအခါ ၃၁၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ ယင်းတို့အနက်မှ အနည်းစုဖြစ်သည့် လေးပုံတစ်ပုံခန့်သာ အစိုးရဝန်ထမ်းအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်နေပြီး အများစုမှာ ပြင်ပဆေးကုသမှုလုပ်ငန်းဖြစ်သည့် General Practice ဖြင့်သာ ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း။

ယင်း GP များအနေဖြင့် ပြည်သူလူထုများအား ကုသမှုအပိုင်းတွင် များစွာ အထောက်အကူဖြစ်သော်လည်း နိုင်ငံတော်၏ အခြားသော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင်မူ ဆုံးရှုံးနေသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်နေသဖြင့် အထောက်အကူပြုနိုင်သော အဖွဲ့အစည်းတစ်ရပ် ပီပီပြင်ပြင်ဖြစ်လာစေရန်နှင့် နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသော ဆေးပညာရပ်များကိုလည်း ခေတ်နှင့်အပြိုင် တတ်မြောက်နေစေရန်အတွက် GP အင်အားစုများကို မည်သို့စည်းရုံးဆောင်ရွက်သင့်သည်ကို ထည့်သွင်းဆွေးနွေးကြစေလိုကြောင်း။

ဆွေးနွေး

ထို့အပြင် ဈေးကွက်အတွင်း ဆေးဝါးများကို ဝယ်ယူသုံးစွဲရာတွင်လည်း စနစ်တကျ စီမံခန့်ခွဲမှုများမရှိသဖြင့် ဆေးဝါးအတုများပေါ်များနေမှု၊ ဘေးထွက်ဆိုးကျိုးများ ခံစားရမှု၊ ဆေးဆိုင်ကို ဆေးဝါးကျွမ်းကျင်သူများဖြင့် မရောင်းချနိုင်မှုစသည့် ပြဿနာများအပြင် ကျန်းမာရေးဝန်ဆောင်မှုစရိတ်မြင့်မားနေမှုတို့ကို ကာကွယ်နိုင်ရန်အတွက် အခြားနိုင်ငံများတွင် ကျင့်သုံးနေသော ကျန်းမာရေးအာမခံစနစ် ထားရှိရန်သင့်တော်မှု ရှိ/မရှိတို့ကိုလည်း ထည့်သွင်းဆွေးနွေးသင့်ကြောင်း။

တိုင်းရင်းဆေးပညာကဏ္ဍတွင်လည်း တိုင်းရင်းဆေးတက္ကသိုလ် ပရဆေးဥယျာဉ်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်းများ၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ အားပေးလုပ်ကိုင်စေခြင်းဖြင့် ပြည်သူများစိတ်ချလက်ချဖြင့် ထက်မြက်သော တိုင်းရင်းဆေးကုသမှုရရှိအောင် နိုင်ငံတော်က အားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သာမန်အဖြစ်များသောရောဂါများ ကုသနိုင်ရေးအတွက် တိုင်းရင်းဆေးနှင့် ပတ်သက်သော ပညာပေးစာအုပ်များပါဝင်သည့် တိုင်းရင်းဆေးသေတ္တာများကိုလည်း ကျေးရွာအရောက် ဖြန့်ဖြူးပေးလျက်ရှိသည်ဟု သိရကြောင်း၊ တိုင်းရင်းဆေးပညာနှင့် အနောက်တိုင်းဆေးပညာနှစ်ခု ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့် နည်းလမ်းများကိုလည်း ဆွေးနွေးအကြံဉာဏ်ပေးစေလိုကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် များစွာအထောက်အကူပြုနိုင်မည့် ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အထက်၊ အလယ်၊ အောက် ဆေးသုတေသနဦးစီးဌာနများ တည်ထောင်ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ သို့သော် လုပ်ငန်းပမာဏအရ သုတေသနဦးစီးဌာန ဖွဲ့စည်းပုံကိုလည်း ပြုပြင်ပြောင်းလဲရန် လို/မလို စိစစ်ရန်လည်း လိုအပ်လာပြီဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ မြို့ကြီး ပြကြီးများ၊ ကျေးလက်ဒေသများ၊ မြို့ပြဆင်ခြေဖုံးဒေသများ၊ နယ်စပ်ဒေသများအပါအဝင် ပြည်သူအားလုံးအား အရည်အသွေး မြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုကို လျင်မြန်ထိရောက်စွာရရှိရန်နှင့် လွှမ်းခြုံမှုကျယ်ပြန့်စွာရောက်ရှိနိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို နိုင်ငံတကာနှင့် အာဆီယံဒေသတွင်းရှိ နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ရခြင်းဖြစ်ကြောင်း။

ယေဘုယျအားဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ကဏ္ဍကြီး (၆) ရပ် သတ်မှတ်ပြီး တက်ရောက်လာသော ပညာရှင်များက မိမိတို့၏ ဖြတ်သန်းရရှိလာခဲ့သည့် အတွေ့အကြုံများနှင့် ပညာရပ်ဆိုင်ရာများကို ထည့်သွင်းပါဝင်ဆွေးနွေးကြစေလိုကြောင်း၊ ယင်းကဏ္ဍကြီး (၆) ရပ်မှာ (၁) ကျေးလက်ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေး၊ (၂) ကျန်းမာရေးဝန်ဆောင်စရိတ်သက်သာသောနည်းဖြင့် အရည်အသွေးပြည့်မီပြီး လွှမ်းခြုံမှုကျယ်ပြန့်သော ကုသမှုရရှိစေရေး၊ (၃) ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အထောက်အကူပြုမည့် ကျန်းမာရေးသုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ (၄) အရည်အသွေးပြည့်မီသော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အလုံအလောက် လေ့ကျင့်မွေးထုတ်ပေးရေး၊ (၅) ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ဆောင်ရွက်ရာတွင်အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးပေးခန်းများနှင့် ပိုမိုပူးပေါင်းပါဝင်လာစေရေး၊ (၆) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာနှင့် ပိုမိုချောမွေ့ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအားလုံး၏ ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်ရေး၊ ဥပမာ-ကျန်းမာရေးဝန်ကြီးဌာနလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းသော တာဝန်ကိုထမ်းဆောင်နေသော ကျန်းမာရေးဦးစီးဌာနကို ပြန်လည်ခွဲဝေဖြန့်ကြက်တာဝန်ပေးခြင်းမျိုး လုပ်ဆောင်သင့် မသင့် စသည်တို့ဖြစ်ကြောင်း။

တိုက်တွန်း

ယခုအလုပ်ရုံ ဆွေးနွေးပွဲ၏ ယေဘုယျကဏ္ဍကြီး (၆)ရပ်ကို ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ပညာရှင်ကြီးများ၊ အငြိမ်းစားကျန်းမာရေးပညာရှင်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ ပညာရှင်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီတို့မှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကဆေးရုံကြီးများမှ ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြမည်ဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ပညာရှင်များအားလုံး ပွင့်ပွင့်လင်းလင်းပါဝင်ဆွေးနွေးပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီမည့် ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် အကြံဉာဏ်များပေးသွားကြပါဟု တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဤအလုပ်ရုံဆွေးနွေးပွဲကြီးမှ ထွက်ပေါ်လာမည့် ရှေ့လုပ်ငန်းစဉ်(Action Plan) ကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးကြပါ။ ပြည်သူလူထုအားလုံးအတွက် အရည်အသွေးမီ၊ အဆင့်အတန်းမီ၊ လက်လှမ်းမီ ကျန်းမာရေးစောင့်ရှောက်မှုမျိုး ရရှိစေရေးအတွက် စဉ်းစားဆောင်ရွက်ပေးကြပါ။ နိုင်ငံတော်က အကောင်အထည်ဖော်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် အထောက်အကူပြုနိုင်မည့် စီမံချက်များလည်း ထည့်သွင်းစဉ်းစားဖော်ဆောင်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဒုတိယဝန်ကြီးများနှင့် ဆွေးနွေးပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo **FIFA U-20 WORLD CUP COLOMBIA 2011 (Argentina Vs Mexico)**
- ၇း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၀)
- ၇း၄၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၂၂)
- ၉း၀၀ ခုနစ်နှစ်ပြည့် MRTV- 4 အစီအစဉ်များ
- ၁၂း၀၀ ကြည်နူးစွာပ ကာလဝါဆို ဆွမ်းကြီးလောင်းတဲ့မြို့ရွှေဘို
- ၁၂း၁၀ မြန်မာ့စက်မှုထုတ်ကုန်ပြပွဲ-၂၀၁၁
- ၁၂း၂၅ ရခိုင်မင်္ဂလာစည်ဖျောသံသာ မဏ္ဍလာရာမကျောင်းတိုက်မှ အလှူတော်မင်္ဂလာ
- ၁၂း၅၅ **မမေ့အပ်တဲ့လေးဌာန** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း-၂၂)
- ၃း၀၀ ခုနစ်နှစ်ပြည့် MRTV- 4 အစီအစဉ်များ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရန်ကုန်မြင်ကွင်းကျယ် (အောင်ဇေယျာမင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၁)
- ၇း၂၀ ခုနစ်နှစ်ပြည့် MRTV- 4 ကုသိုလ်အလှူ (မရမ်းချောင်းမေတ္တာပရဟိတဂေဟာ)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျှဉ်းပြိုင်** (အပိုင်း -၂၃)
- ၉း၂၀ MRTV-4 7th Anniversary Live Show (ဇော်ပိုင်၊ ဖြိုးကြီး၊ ဟန်ထွန်း၊ ဂျီလတ်၊ ခင်ဘုဏ်း၊ ရေဗက္ကာဝင်း၊ ချစ်သုဝေ)
- ၁၂း၂၀ **FIFA 2014 World Cup Brazil** ပြိုင်ပွဲ၏ အာရှအဆင့်ခြေစစ်ပွဲ အကြိုအဆင့်မဲခွဲမှု
- ၂း၄၀ **အသံတိတ်အိပ်မက်ဆိုး** မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
- ၃း၁၅ Japan Video Topics (Leave it All to the Movers)
- ၃း၂၀ ဆည်မြောင်းရဲ့အားမာန်··· ပြိုင်းချောင်းရေလှောင်တမံ
- ၃း၃၀ သက်ရှည်နုပျိုကျန်းမာရွှင်လန်း Royal ABC အစွမ်း
- ၃း၅၀ ကျန်းမာရေးနှင့်အညီ သီဟအောင် ''ဆီ''
- ၄း၀၀ ဖန်တီးသူတို့ကမ္ဘာ
- ၄း၂၀ တောင်ကြီးမြို့ရဲ့ တုမရှိ လောကချမ်းသာစူဠာမုနိ
- ၄း၃၀ **FIFA U-20 WORLD CUP COLOMBIA 2011 (Mali Vs Korea Republic)**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

◆ *ကျောဖုံးမှ*

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် ယခင်နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သည့် မြန်မာ့အမျိုးသားရေး စရိုက်လက္ခဏာများ ထာဝစဉ်ရှင်သန်နေစေရေးအတွက် လူမှုရေးဦးတည်ချက် (၄)ရပ်ကို အခြေခံပြီး မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ၁၉၉၃ ခုနှစ်တွင် ပထမအကြိမ်အဖြစ် စတင်ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း၊ ပထမအကြိမ်ပြိုင်ပွဲကြီးမှ အစပြုပြီး ၂၀၀၅ ခုနှစ် (၁၃)ကြိမ်မြောက် ပြိုင်ပွဲကြီးအထိ ရန်ကုန်မြို့တွင် နိုင်ငံတော်အဆင့်ဖြင့် နှစ်စဉ်ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပြီး ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် ပြိုင်ပွဲကို နိုင်ငံ၏မြို့တော်သစ်နေပြည်တော်၌ ပြောင်းရွှေ့ကျင်းပခဲ့ကြောင်း၊ နေပြည်တော်၌ ကျင်းပခဲ့သော (၁၄) ကြိမ်မြောက် ပြိုင်ပွဲမှစပြီး (၁၇)ကြိမ်မြောက် ပြိုင်ပွဲကြီးအထိ နှစ်စဉ်ဆက်တိုက်ကျင်းပခဲ့ပြီးနောက် ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော်၏ အရေးကြီးလုပ်ငန်းများနှင့် လာရောက်တိုက်ဆိုင်ခဲ့ခြင်းကြောင့် ပြိုင်ပွဲကြီးကို အခြေအနေအရ တစ်နှစ်ခေတ္တရပ်နားခဲ့ရကြောင်း၊ ယခု ၂၀၁၁ ခုနှစ်တွင် ဤပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် နေပြည်တော်၌ကျင်းပသော ပဉ္စမမြောက်ပြိုင်ပွဲဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ထွက်လာသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်ကျင်းပမည့် နိုင်ငံတော်အဆင့် ပြိုင်ပွဲကြီးဖြစ်သည့်အတွက် ထူးခြားလေးနက်သော ပြိုင်ပွဲကြီးတစ်ရပ်လည်း ဖြစ်ကြောင်း။

မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာများသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မှုများဖြစ်သကဲ့သို့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့၏ သီးသန့်ပိုင်ဆိုင်သော အမျိုးသားရေးသင်္ကေတ၊ အမျိုးသားရေးလက္ခဏာဟုလည်း ခေါ်ဆိုနိုင်ကြောင်း။

မှတ်တမ်းတင်

မြန်မာ့ရိုးရာယဉ်ကျေးမှုလက္ခဏာများကို ပေထက်အက္ခရာတင်နိုင်ခဲ့သည့် ပျူခေတ်မြို့ပြနိုင်ငံများသည် စည်ပင်သာယာဝပြောထွန်းကားတိုးတက်နေခဲ့သည်ကို သမိုင်းကြောင်းကိုလေ့လာသူတိုင်း သိရှိကြမည်ဖြစ်ကြောင်း၊ ပျူမြို့ပြနိုင်ငံများမှ လက်ဆင့်ကမ်းသယ်ယူလာသော အနုသုခုမပညာရပ်များကို ပုဂံခေတ်တွင် နံရံဆေးပန်းချီများအဖြစ် စတင်မှတ်တမ်းတင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ပုဂံခေတ်၏ တေးဂီတများကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုလျှင် ပုဂံခေတ်ပြိုင်ကျောက်စာများအရ ယနေ့အသုံးပြုနေကြသည့် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ဆိုသော အခြေခံတူရိယာ(၅)မျိုးသည် ပုဂံခေတ်တွင် ထွန်းကားလာခဲ့ပြီးဖြစ်သည်ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရကြောင်း၊ မြင်စိုင်းနှင့် ပင်းယခေတ်တွင် ‘ကာ’အကနှင့် ‘ကာချင်း’များ ထွန်းကားလာခဲ့ကြောင်း၊ ကာအကနှင့် ကာချင်းများသည် ရဲရင့်သူများကို ခွန်အားတိုးစေပြီး မျိုးချစ်စိတ်ကို မြှင့်တင်ပေးသည့် တေးသွားများဟုလည်း ပြောဆိုနိုင်ကြောင်း၊ မြန်မာ့သုခုမအနုပညာရပ်များသည် အင်းဝခေတ်တွင် အစည်ပင်ဆုံး၊ အထွန်းကားဆုံးဟု ပြောရလောက်အောင် ပြန့်ပွားခဲ့ညားခဲ့ကြောင်း၊ ကုန်းဘောင်ခေတ်တွင်မူ မြန်မာ့သုခုမပညာများကို တောရော မြို့ပါမကျန် ခံစားကြည့်ရှုနိုင်ခဲ့ကြပြီဖြစ်ကြောင်း။

တင်စား

ထိုကဲ့သို့ ရာစုနှစ်ပေါင်းများစွာဖြတ်သန်းလာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုများကိုကြည့်လျှင် ခံ့ညားထည်ဝါလှပသိမ်မွေ့မှု၊ နိုင်ငံ့ဂုဏ်ရည်နှင့် အမျိုးသားရေးစိတ်ဓာတ်ကြီးမားမှု စသည့် ပုံရိပ်များ ထင်ဟပ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ယဉ်ကျေးမှုများ၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းနှင့် နှိုင်းယှဉ်လျှင် မြန်မာ့ယဉ်ကျေးမှုသည် မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာဆန်သော အမျိုးသားရေးယဉ်ကျေးမှုလက္ခဏာတို့ကို ဖော်ဆောင်နိုင်ဆဲဖြစ်သည်ဆိုသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဤသို့ဖော်ဆောင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ပန်းချီများ၊ ပန်းပုများသည် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအမွေအနှစ်များဖြစ်ကြပြီး အဆို၊ အက၊ အရေး၊ အတီးကဲ့သို့သော သုခုမအနုပညာရပ်များသည် ရုပ်ပိုင်းမဟုတ်သော ယဉ်ကျေးမှုအမွေအနှစ်များဟု တင်စားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ရှည်လျားသောသမိုင်းကြောင်းနှင့် ပေါ်လာသည့်မြန်မာ့ယဉ်ကျေးမှု၏ အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး အနာဂတ်ကာလ သားစဉ်မြေးဆက်များထိတိုင် လက်ဆင့်ကမ်းပေးဝေလွှဲပြောင်းသွားနိုင်ရေးအတွက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးပြီး ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဤသို့ကြီးမားသည့်တာဝန်များကို မြန်မာနိုင်ငံသားတိုင်း ခံယူချက် အပြည့်အဝ၊ စိတ်ဓာတ်မြင့်မားစွာ အမျိုးသားရေးအသိပြည့်ဝစွာထားရှိပြီး ယခင်ကျင်းပခဲ့ပြီးသော ပြိုင်ပွဲများထက် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပိုမိုခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ထို့ကြောင့် အတိတ်ကာလက မြန်မာ့သမိုင်းကြောင်း၏ အောင်မြင်တိုးတက်မှုများကို အနာဂတ်ကာလတွင် ဝင့်ကြွားစွာဂုဏ်ယူနိုင်စေရန်အတွက် ပစ္စုပ္ပန်ကာလတွင် မိမိတို့ ထိန်းသိမ်းစောင့်ရှောက်နေခြင်းဖြစ်သည်ဟု ဆင်ခြင်နှလုံးသွင်းပြီး ယခု (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းဆွေးနွေးပေးကြပါဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ယခုကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသည် ပထမအကြိမ်အစည်းအဝေးဖြစ်ကြောင်း၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်စီစဉ်ထားသည့်အတိုင်း လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြမှာဖြစ်ကြောင်း၊ ယခု (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုလည်း အသွင်သဏ္ဌာန်သာမက အနှစ်သာရရှိရှိ နေပြည်တော်၌ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း၊ ယခု အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်ကျင်းပမည့် နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးဖြစ်ပြီး ဦးတည်ချက်(၅)ရပ်ချမှတ်၍ ပိုမိုတိုးတက်မြင့်မားအောင် ဝိုင်းဝန်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပဏာမပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဖွဲ့စည်းမည့် ကော်မတီ/ဆပ်ကော်မတီ (၁၆)ခုဖွဲ့စည်းထားမှုအခြေအနေ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီပြင်ဆင်ဖွဲ့စည်းထားမှုအခြေအနေ၊ ထပ်ဆင့်ဖွဲ့စည်းမည့် ကော်မတီ/ဆပ်ကော်မတီ (၁၄)ခုအခြေအနေ၊ (၁၈)ကြိမ်မြောက်ပြိုင်ပွဲကို ကျင်းပပြုလုပ်မည့် (နေ့ရက်၊ အချိန်)၊ အခမ်းအနားများနှင့် ပြိုင်ပွဲကျင်းပမည့်နေရာ၊ ပြိုင်ပွဲတွင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲအဆင့်များ၊ ဘာသာရပ်များနှင့် ဘဏ္ဍာငွေရရှိသုံးစွဲမှုအခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ကော်မတီ/ဆပ်ကော်မတီများဖြစ်ကြသည့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၊ ပြိုင်ပွဲစိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီ၊ ကြိုဆိုနှုတ်ဆက်ပွဲ၊ ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရေး ဆပ်ကော်မတီ၊ တည်းခိုရေးစခန်းအုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပမည့်နေရာ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီနှင့် အကဲဖြတ်၊ အမှတ်ပေးကြီးကြပ်ရေးနှင့် မူဝါဒဆိုင်ရာ စာသားစိစစ်ရေးဆပ်ကော်မတီတို့မှ တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ပြဇာတ်ဘာသာရပ်အဖွဲ့၊ ကွက်စိပ်ဘာသာရပ်အဖွဲ့၊ ဇာတ်သဘင်ဘာသာရပ်အဖွဲ့၊ ရုပ်သေးဘာသာရပ်အဖွဲ့နှင့် ခေတ်အကြိုက် တေးသီချင်းဘာသာရပ် ကဏ္ဍများအလိုက် အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ခေါင်းဆောင်များက ဘာသာရပ်အလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ပြင်ဆင်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဝိုင်းဝန်းဆွေးနွေးကြသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၁၈)ကြိမ်မြောက်ရောက်ရှိပြီဖြစ်၍ အတွေ့အကြုံများစွာ ရရှိထားပြီဖြစ်ကြောင်း၊ အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်၍ အသွင်သဏ္ဌာန်ရော အနှစ်သာရအရပါ ယခင်ပြိုင်ပွဲများထက် နိမ့်ကျမသွားအောင် စီစဉ်ဆောင်ရွက်ကြစေလိုကြောင်း၊ အချိန်ကာလအားဖြင့် နီးကပ်နေပြီဖြစ်၍ အဘက်ဘက်က အဆင်သင့်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ဆပ်ကော်မတီများကိုလည်း အဖွဲ့ဝင်များပြည့်စုံအောင်ဖွဲ့စည်းဖို့ လိုအပ်ကြောင်း၊ ဧည့်သည်တော်များ ဖိတ်ကြားမှုကိုလည်း သေချာအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆုချီးမြှင့်ရေးကိုလည်း ယခုခေတ်နှင့်အညီ ပိုမိုပေးအပ်နိုင်ပါက သင့်တော်မည်ဖြစ်၍ ရရှိလာသည့် ရန်ပုံငွေအရ စီစဉ်သွားရမည်ဖြစ်ကြောင်း၊ စုံစုံညီညီသိုက်သိုက်ဝန်းဝန်းဆွေးနွေးပေးကြ၍ ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယကဒုတိယသမ္မတသည် တက်ရောက်လာကြသော သဘင်၊ ဂီတ အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှု အမှတ်(၂/၂၀၁၁) ရုံးထိုင်ကြားနာ

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှု အမှတ်(၂/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်ရေး ကြိုတင်ညှိနှိုင်းစည်းဝေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓ မြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ရေး ကြိုတင် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မောင်မောင်အေးက ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးကိစ္စရပ်များဆောင်ရွက်ထားရှိမည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးတို့က ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆပ်ကော်မတီများအလိုက် တာဝန်ရှိသူများက မိမိတို့ကော်မတီအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမည့် အစီအစဉ်နှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ်ဦးအုံ့မောင်က တင်ပြဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၉

ငဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ ၁၁၅၈ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၈ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ **(သတင်းစဉ်)**

လုပ်ငန်းလိုင်စင်မရှိဘဲ အခကြေးငွေယူ၍ ခရီးသည်တင်ဆောင်ခြင်း မပြုရ

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကုလသမဂ္ဂ ဒေသညွှန်မှူး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ဒေသညွှန်ကြားရေးမှူး Mr.Kenro Oshidari သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံသည်။**(အောက်ပုံ)**

ယင်းတွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ (၂၀၁၁-ဩဂုတ်လ)

(ပထမ) ပတ် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်

(ဒုတိယ) ပတ် ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(တတိယ) ပတ် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(စတုတ္ထ) ပတ် အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်

unicef

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျာမနီနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျူးလီယက်စ် ဂျော့ချ်လွိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျူးလီယက်စ် ဂျော့ချ်လွိုင် လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

အသစ်တွေ့ရှိသော သဲကြောများအား ထပ်မံစမ်းသပ်ရနိုင်သောတွင်းများကို အမြန်ဆုံးပြင်ဆင်နိုင်ရေးစီမံ

ရန်ကုန် ဇူလိုင် ၂၉

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ပုသိမ်) သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရာသီချိန်အမီ ဓာတ်မြေသြဇာများသုံးစွဲနိုင်ရေးအတွက် ဖြန့်ဖြူးရန်၊ အရည်အသွေးပြည့်မီစေရေးအတွက် မပြတ်ကြပ်မတ်စစ်ဆေးရန် မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင်ညောင်တုန်းမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ ရေနံမြေမန်နေဂျာနှင့် တာဝန်ရှိသူများက ညောင်တုန်းရေနံမြေ၏ ထုတ်လုပ်ဆဲ သဲကြောများနှင့် တွင်းအမှတ် (၄၆) တူးဖော်စဉ်တွေ့ရှိသော သဲကြောသစ်များ အခြေအနေ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အသစ်တွေ့ရှိသော သဲကြောများအား ထပ်မံစမ်းသပ်သွားရန်နှင့် ပြန်လည်ပြင်ဆင်ထုတ်လုပ်၍ ရနိုင်သောတွင်းများကို အမြန်ဆုံးပြင်ဆင်နိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားပြီး တွင်းအမှတ် (၄၆) အောင်မြင်စွာတူးဖော်ခဲ့သော တွင်းတူးအဖွဲ့အား ဆုငွေများပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တွင်းအမှတ် (၄၆)သို့ သွားရောက်၍ တွင်းထိပ် Pressure များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior သည် ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမိမိသက်သွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညောင်တုန်းရေနံမြေရှိ တွင်းအမှတ် (၄၆) အောင်မြင်စွာ တူးဖော်ပြီးစီးမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jose Carlos da Fonseca Junior လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ ခုနှစ်၊ ဝါဆိုလကွယ်နေ့(ဥပုသ်နေ့)
၃၀-၇-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၇။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၈။ လူနတ်နှစ်လီတစ်ရစ်စီ ရွှေနတ်တောင်စေတီ
၈:၁၅ ၉။ အဆိုပြိုင်ပွဲ
၈:၂၀ ၁၀။ တေးဂီတအစီအစဉ်
၈:၃၀ ၁၁။ FIFA U-20 World Cup 2011 ဘရာဇီး Vs အီဂျစ်
၈:၄၀ ၁၂။ Islands Of Dhamma(5)
၈:၄၅ ၁၃။ ဘန္ဒန္တခေမိန္ဒသာမိ(အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အကျိုးတော်ဆောင်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ခြောက်ထပ်ကြီးဘုရားကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၅ ၅။ Yan Can Cook
၁၃:၁၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၆၃)
၁၄:၁၅ ၇။ **သစ်ပင်သစ်တောများ**
၁၄:၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၃၅ ၉။ **(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုပြင်ဆင်မှုများ(တိုက်ကွမ်ဒို)**
၁၄:၅၀ ၁၀။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၃၀ ၄။ **ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု)(အထက-၄) စမ်းချောင်း (အမျိုးသားဝတ်ရွတ်အဖွဲ့)**
၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၇။ ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး
၅:၃၀ ၈။ တေးဂီတအစီအစဉ်
၅:၄၅ ၉။ **သန့်စွာကိုင်လေ စက္ကူငွေ**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ် (မီးနို)
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ ရွှေဖူးစာ** (အပိုင်း-၁)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၃၅)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်**(အပိုင်း-၂၇)
၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**
၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ကျေးလက်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆန်စပါးကဏ္ဍကြီးတစ်ခုလုံး စဉ်ဆက်မပြတ် တိုးတက်စေရန်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ကျိုက်လတ်မြို့၌ကျင်းပသည့် လယ်ယာအထူးပြု ကုမ္ပဏီတစ်ခုဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် အဓိပတိ လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ ၂၀၁၁-၂၀၁၂ မိုးရာသီ စိုက်ပျိုးစရိတ် ပေးအပ်ပွဲ၊ ပံ့ပိုးပစ္စည်း ထောက်ပံ့ခြင်းနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်ပြီး အမှာစကား ပြောကြားရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးသည် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုသာမက ကျေးလက်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အလွန်အရေးပါကြောင်း၊ အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်သည် လယ်သမားများအား ချေးငွေနှင့် ပံ့ပိုးပစ္စည်း အများဆုံးပေးနေသည့် အထူးပြုကုမ္ပဏီဖြစ်ကြောင်း၊ ဆန်စပါးကဏ္ဍကြီးတစ်ခုလုံး စဉ်ဆက်မပြတ် တိုးတက်စေရန် ရိတ်သိမ်းချိန်လွန် နည်းပညာအပိုင်းများကိုလည်း အထူးပြုကုမ္ပဏီများက ယခုထက် ပိုမိုပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးတွင် အထူးပြုကုမ္ပဏီများ အများဆုံး ဖွဲ့စည်းထားပြီး လယ်သမားများ၏ အဓိကလိုအပ်ချက်များဖြစ်သည့် လယ်ယာစိုက်ပျိုးစရိတ်ချေးငွေ၊ မျိုးကောင်းမျိုးသန့် သွင်းအားစုများအပြင် လယ်ယာသုံးစက်ကိရိယာများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖြည့်စွမ်းပေးနေသည်ကို တွေ့ရကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးက အဓိပတိလယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်အနေဖြင့် မြောင်းမြခရိုင် မြို့နယ်(၅)မြို့နယ်ရှိ တောင်သူလယ်သမားကြီးများအား ချေးငွေနှင့် သွင်းအားစုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုပံ့ပိုးပေးနေကြောင်း၊ ယခုနှစ် မိုးစပါး စိုက်ပျိုးရာသီအတွက် ငွေကျပ် သန်း ၇၂၅၀ ကျော်ကို နှစ်ရစ်ခွဲ၍ ထုတ်ပေးနေကြောင်း၊ ပြန်ဆပ်သော ချေးငွေများ အနက် ဘဏ်အတိုးနှုန်း ၁ ဒသမ ၂၅ ရာခိုင်နှုန်းကိုသာယူပြီး ကျန်သည့် ၀ ဒသမ ၇၅ ရာခိုင်နှုန်းနှင့် ညီမျှသည့် အတိုးငွေများကို ဒေသဖွံ့ဖြိုးရေးအတွက် နှစ်စဉ် လှူဒါန်းပေးနေကြောင်း၊ ယခုအထိ ငွေကျပ် သန်းပေါင်း ၈၃၀ ကျော် လှူဒါန်းပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး တိုးချဲ့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာက လုပ်ငန်းအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆုရ တောင်သူလယ်သမားများအား ဆုများ ပေးအပ်ချီးမြှင့်ပြီး **(ယာပုံ)** သွင်းအားစုများ၊ ပံ့ပိုးပစ္စည်းများနှင့် ချေးငွေထုတ်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်(၅)မြို့နယ်မှ ဒေသခံ လယ်သမား ၁၀၀၀ ကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 (၇)နှစ်ပြည့် အထိမ်းအမှတ်ပြပွဲ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် MRTV-4 ၏ (၇)နှစ်ပြည့် အထိမ်းအမှတ်ပြပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဒီဂျစ်တယ် နည်းပညာအသုံးပြု၍ MRTV-4 ၏ အထိမ်းအမှတ် Logo ကို ဖွင့်လှစ်ပေးပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ပြပွဲတွင် MRTV-4 မှ ထုတ်လွှင့်ပြသလျက်ရှိသည့် ရုပ်/သံအစီအစဉ်များကို လက်တွေ့ရိုက်ကူးတင်ဆက် ပြသသွားမည်ဖြစ်ပြီး အဆိုပါပြပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ လေးရက်ကြာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော်၌ စက္ခုဒါနအဖြစ် လူနာများအား မျက်စိစမ်းသပ်၊ ခွဲစိတ်ပေး

နေပြည်တော် ဇူလိုင် ၂၉

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးခင်ဇော်သည် ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော်သို့ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို ဆေးရုံ အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းစိန်နှင့် မျက်စိအထူးကုဆရာဝန်ကြီး(ငြိမ်း)ပါမောက္ခဒေါက်တာမြအောင်တို့ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မျက်စိအမြင်စမ်းသပ်ခန်း၊ မျက်စိစမ်းသပ်ခန်းတို့တွင် မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ခွဲစိတ်ကုသပေး

အာရောဂျဒါန ဆေးရုံတော်ကြီး၌ ပထမအကြိမ် စက္ခုဒါနအဖြစ် မျက်စိစမ်းသပ်ခြင်း၊ ခွဲစိတ်ခြင်းများကို ဖေဖော်ဝါရီ ၈ ရက် မှ ၁၃ရက်အထိ ပြုလုပ်ခဲ့ရာ မျက်စိ စမ်းသပ်လူနာ ၁၆၃၀ အနက် ခွဲစိတ်ကုသရန်လိုအပ်သည့် လူနာ ၃၁၄ ဦးအား မျက်စိအထူးကု ဆရာဝန်ကြီး ဦးဆောင်၍ ဆရာဝန်ခြောက်ဦးတို့က အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်သည်။

ဆောင်ရွက်

ယခုအခါ ဒုတိယအကြိမ် စက္ခုဒါန မျက်စိစမ်းသပ်ခွဲစိတ်မှုကို ပါမောက္ခ မျက်စိအထူးကု ဆရာဝန်ကြီး(ငြိမ်း) ပါမောက္ခ ဒေါက်တာမြအောင်နှင့် ဆရာဝန်ကြီးများ ဦးဆောင်၍ ဇူလိုင် ၂၅ ရက် မှ ၃၀ ရက်အထိ ခြောက်ရက်ကြာ မျက်စိစမ်းသပ်ခြင်း၊ ခွဲစိတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

စက္ခုဒါနပြု

ဆေးရုံတော်ကြီးတွင် မျက်စိစမ်းသပ်ခွဲစိတ်ရန် ယနေ့အထိ စာရင်းပေး မျက်စိဝေဒနာရှင် ၁၂၀၀ ရှိပြီး ဇူလိုင် ၂၇ ရက်တွင် သံဃာတော် ခြောက်ပါး၊ အမျိုးသား ၁၄ ဦး နှင့်အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၃၉ ဦးနှင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် အမျိုးသား ၁၄ ဦး တို့အား ခွဲစိတ်ကုသပေးခဲ့သည်။ ကျန်မျက်စိဝေဒနာရှင်များအား ဆက်လက်စမ်းသပ် ခွဲစိတ်ကုသမှုများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆေးရုံသို့ မျက်စိလာရောက်စမ်းသပ်သူများအား ဧည့်ခံကျွေးမွေးခြင်းနှင့် ဆေးရုံတက်လူနာများ၏ ဝန်ဆောင်မှုအတွက် တစ်နေ့ကုန်ကျစရိတ် ငွေကျပ် ငါးသိန်းခန့် အကုန်ကျခံ၍ ထားဝယ်အာရောဂျဒါနဆေးရုံတော် အထောက်အကူပြုအဖွဲ့က စက္ခုဒါနပြုဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ

သာယာလှပ စိမ်းမြမြ

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၂၉

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၀	၂၅	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၂	ကယားပြည်နယ်	၃၀	၂၂	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၃	ကရင်ပြည်နယ်	၃၀	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၄	ချင်းပြည်နယ်	၂၅	၁၃	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၇	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၃၀	၂၄	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာ နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၇	၂၇	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၅	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၁	မွန်ပြည်နယ်	၃၀	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၂	၂၄	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၁၈	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၀	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၁	၂၂	နေရာစိပ်စိပ်မိုးထစ်ချုန်းရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၄	နေရာကျဲကျဲမိုးထစ်ချုန်းရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၇	၂၅	နေရာကွက်ကျားမိုးထစ်ချုန်းရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၂	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၅	မိုးတစ်ကြိမ်၊နှစ်ကြိမ်ထစ်ချုန်းရွာ	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက် မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ကြည့်ရှုအားပေး

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံတော်ရှိ မျက်စိစမ်းသပ်ခန်းတွင် မျက်စိဝေဒနာရှင်များအား စမ်းသပ်စစ်ဆေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက်က နန်းတော်ကုန်းကျေးရွာအုပ်စု ဓနုဖြူ ဘူတာရှေ့ စက္ကော့-ဓနုဖြူ လမ်းမကြီးဘေး ဝဲယာတစ်လျှောက်၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်နှင့် ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်း ၁၂၀၀၊ ယူကလစ်ပင် ၃၀၀ ကို စိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြိုဆိုနှုတ်ဆက်

ဇူလိုင် ၂၉ရက်က ရန်ကုန်မြို့ ကန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၈၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်လာသော ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှမြွေးဝင်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Xiong Shaowei ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် လမ်း/တံတားလုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီများ လုပ်ငန်းညှိနှိုင်းစည်းဝေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် လမ်း/တံတားလုပ်ငန်းဆောင်ရွက်နေသောကုမ္ပဏီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် လမ်း/တံတားလုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ သူရဦးစိန်သောင်းက ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအင်ဂျင်နီယာချုပ်(လမ်း)နှင့် ကျွမ်းကျင်သူ(တံတား)တို့က လမ်း/တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လမ်း/တံတားလုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီများမှ တာဝန်ခံများက မိမိတို့ တာဝန်ယူထားသည့် လမ်းအပိုင်းများနှင့် စပ်လျဉ်း၍ လုပ်ကိုင် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွေးနွေးပွဲကျင်းပ

ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး မြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

ဖတ်ကြားတင်သွင်း

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ မျိုးမြင့်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်တို့က အရည်အသွေးပြည့်မီသော ကုသမှုနှင့် ကျန်းမာရေးဝန်ဆောင်မှု စရိတ် စာတမ်းများကို ဖတ်ကြားတင်သွင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အုပ်စုလေးစုခွဲ၍ ဖတ်ကြားတင်သွင်းကြသည့် စာတမ်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြကာ ဆွေးနွေးချက်များအပေါ် အုပ်စုအလိုက် စုစည်းတင်ပြခြင်း၊ စုစည်းတင်ပြချက်များအပေါ် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး ပထမပိုင်း ခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ မွန်းလွဲပိုင်းကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က သဘာပတိအဖြစ်ဆောင်ရွက်သည်။

အကြံပြုဆွေးနွေး

ဆွေးနွေးပွဲတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါက်တာသန်းစိန်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းသိန်းဌေးတို့က ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုကို အခြေခံသော ကျေးလက်ဒေသကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုစာတမ်းများကို ဖတ်ကြားတင်သွင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အုပ်စုများခွဲ၍ ဖတ်ကြားတင်သွင်းသည့် စာတမ်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြကာ အုပ်စုအလိုက် ဆွေးနွေးချက်များကို စုစည်းတင်ပြကြခြင်း၊ တက်ရောက်လာကြသူများက စုစည်းတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး ပထမနေ့ကို ညနေပိုင်းတွင် ရပ်နားသည်။

ယင်းအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှစ၍ ဇူလိုင် ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင်သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပရာ အမှတ်(၁) နေပြည်တော် အားကစားကွင်းတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို ငါးဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်းတွင် သစ်တောရေးရာဝန်ကြီးဌာန အသင်းက ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

ဒုတိယအဆင့် အုပ်စုပြိုင်ပွဲအတွက် အုပ်စုမဲနှိုက်ခြင်း အစည်းအဝေးကို ဇူလိုင် ၃၀ ရက် နံနက် ၁၀နာရီတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ် ၁ ရက်မှစ၍ အမှတ်(၂)နေပြည်တော်အားကစားကွင်းနှင့် နေပြည်တော်လယ်ဝေး အားကစားကွင်းတို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဇွန် ၂၂ ရက်က ကျောင်းကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် အမှတ်(၂) ရပ်ကွက် ဌာနလမ်းနှင့် ပိတောက်ရွှေဝါလမ်းဆုံတွင် ကွန်ကရစ်လမ်းကူးတံတားဆောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (ဝ၉၁)

အင်္ဂပူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားရှိမှုကို ဇူလိုင် ၆ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဖုန်းလွင်နှင့်အဖွဲ့စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် အေးသာယာမြို့ နန်းဟူးရေတင်စက်ရုံ ပုံမှန်လည်ပတ်မောင်းနှင်မှုကို ဇူလိုင် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ် တုံရွာကျေးရွာတွင် စက်ရေတွင်းတူးဖော်နေမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဇူလိုင် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်ရေးနှင့် ရေမြောင်းဖုံးများ ပြုပြင်ဆောင်ရွက်နေမှုကို ဇူလိုင် ၂၀ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

❍ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် ဝန်ကြီးများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တောင်ကုတ်မြို့အတွင်း တောင်ကျချောင်းရေလျှံမှုကြောင့် ရေဝင်ရောက်နစ်မြုပ်မှုရှိခဲ့သည့် လမ်းများနှင့် လူနေအိမ်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တောင်ကုတ်မြို့ မြို့နယ်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ တောင်ကုတ်မြို့နယ်အတွင်း ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့၌ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့မှု၊ ဇူလိုင် ၂၄ ရက်က တောင်ကျချောင်းရေလျှံတက်မှုကြောင့် တောင်ကုတ်မြို့နယ်အတွင်း အနိမ့်ပိုင်းနေရာများ ရေနစ်မြုပ်ခဲ့မှု၊ ရေနစ်မြုပ်သော လယ်မြေများကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများနှင့် တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းဆောင်ရွက်ခဲ့မှုနှင့် တောင်ကုတ်-မအီလမ်းပေါ်ရှိ ပျက်စီးသွားသော ငှက်ပျောချောင်းသစ်သားတံတားကို လမ်းအထူးအဖွဲ့က ပြန်လည်ပြုပြင်ခဲ့ရာ ယာဉ်ကြီး ယာဉ်ငယ်များ ပြန်လည်သွားလာနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားပြီး ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တောင်ကုတ်မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံသည်။

ထောက်ပံ့ငွေပေး

ယင်းနောက် အလုပ်သမား ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက CDMA တယ်လီဖုန်းတစ်လုံးနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းသုံးပစ္စည်းများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းတို့က ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ကြရာ ရေဘေးသင့်ပြည်သူများကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ကြိုဆို

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တောင်ကုတ်မြို့မှ ထွက်ခွာခဲ့ပြီး မွန်းလွဲပိုင်းတွင် အမ်းမြို့သို့ ရောက်ရှိကြရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အမ်းမြို့ အောက်ရွာရပ်ကွက်၌ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ ရေကြီးနစ်မြုပ်မှုအခြေအနေနှင့် လိုအပ်ချက်များကို မေးမြန်းပြီး အားပေးစကားပြောကြားသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းတို့လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် အမ်းမြို့မှထွက်ခွာခဲ့ရာ နံနက် ၈ နာရီခွဲတွင် မင်းပြားမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မင်းပြားမြို့ ရာမောင်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မင်းပြားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်းပြားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ရေလွှမ်းနစ်မြုပ်ခဲ့မှု၊ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်း ကြီးကြပ်မှုကော်မတီက ကြိုတင်အသိပေးခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် လူအသေအပျောက်မရှိဘဲ ပျက်စီးဆုံးရှုံးမှုနည်းပါးခဲ့သည့် အခြေအနေ၊ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့မှု၊ မိုးစပါးဧကများ ထိခိုက်ပျက်စီးမှုရှိခဲ့၍ အချိန်မီပြန်လည်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်များကို မင်းပြားမြို့နယ်မှ တောင်သူလယ်သမားများနှင့် လက်လုပ်လက်စားများက ဝမ်းသာအားရ ကြိုဆိုနေမှုနှင့် ငွေစုငွေချေးအသင်းများ ဖွဲ့စည်းဆောင်ရွက်ပေးနေမှု၊ အစိုးရအဖွဲ့သစ်၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်အရ ဆောင်ရွက်ပေးနေမှုအပေါ် ဒေသခံပြည်သူများက အထူးကျေးဇူးတင် ဝမ်းမြောက်လျက်ရှိနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံသည်။

လက်ခံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက CDMA တယ်လီဖုန်းတစ်လုံးနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းသုံးပစ္စည်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးပစ္စည်းများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်တို့က ထောက်ပံ့ငွေများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဆန်အိတ် ၄၂ အိတ်၊ ဦးသန်းနိုင် ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်) တို့က ဆန်အိတ် ၅၀ နှင့် မြို့မိမြို့ဖ ဦးမောင်မောင်ထွန်းက ဆန်အိတ် ၃၆ အိတ်ကိုလည်းကောင်း ပေးအပ်ကြရာ ရေဘေးသင့်ပြည်သူများကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မင်းပြားမြို့မှ ထွက်ခွာခဲ့ပြီး မြောက်ဦးမြို့သို့ရောက်ရှိရာ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှဟန်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် မြောက်ဦးဟိုတယ် ဧည့်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်တော်မြို့ မဟာမုနိဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ရှေးဟောင်းသမိုင်းဝင် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မြောက်ဦးမြို့မှ ထွက်ခွာခဲ့ပြီး ကျောက်တော်မြို့ မဟာမုနိဘုရားကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မဟာမုနိဘုရားကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ရှေးဟောင်းသမိုင်းဝင်မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်သည်။ ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ကပ်လှူပူဇော်

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်းကပ်လှူပူဇော်ကြပြီး အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များကလက်ခံ၍ မဟာမုနိဘုရားကြီးပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးပရိဝုဏ်အတွင်းရှိ ဦးတော်ဆေးကန်၌ ငါးများကို ဘေးမဲ့လွှတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးမှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး စစ်တွေမြို့သို့ရောက်ရှိကြရာ ရခိုင်ပြည်နယ်ဝန်ကြီးများနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုကြသည်။

စီမံဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရခိုင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ဒေသများဖြစ်သော တောင်ကုတ်မြို့နယ်၊ အမ်းမြို့နယ်၊ မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်များသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ရေဘေးသင့် ပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့ဦးဆောင်သောအဖွဲ့သည် ပဲခူးတိုင်းဒေသကြီးကို ဦးစွာ ဝင်ရောက်ကြည့်ရှုပြီး လိုအပ်သည်များကို စီမံဖြည့်ဆည်းပေးခဲ့ကြောင်း၊ ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌လည်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့၍ လိုအပ်သည်များကို စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ရှိခဲ့ကြောင်း၊ ရေကြီးနစ်မြုပ်သည့် ဒေသများသို့ လာရောက်ခဲ့ရခြင်းမှာ လမ်း၊ တံတားများ ပျက်စီးမှုရှိပါက ပြုပြင်ပေးရန်၊ ရေကြီးနစ်မြုပ်မှုကြောင့် ပိတ်ခဲ့ရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရေးနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများပံ့ပိုးပေးရန်၊ ရေကြီးနစ်မြုပ်မှုကြောင့် နောက်ဆက်တွဲရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် ဆောင်ရွက်ပေးရန်၊ တယ်လီဖုန်းလိုင်းများနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများရှိပါက ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန် ပြည်ထောင်စုဝန်ကြီးများ လိုက်ပါလျက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို မြို့နယ်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့က မဆောင်ရွက်နိုင်သည်များရှိပါက ပြည်ထောင်စုအဆင့်မှ ပါဝင်ဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်သူများ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အခါ လျစ်လျူရှုမထားဘဲ လိုအပ်သည်များ ဆောလျင်စွာဖြည့်ဆည်းပေးနိုင်ရန်အတွက် ဖြစ်ပွားသည့်ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ထောက်ပံ့ငွေများပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်းပြားမြို့ ရာမောင်ခန်းမ၌ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို မင်းပြားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းထံ ပေးအပ်စဉ်။ (သတင်းစဉ်)

အစည်းအဝေးကျင်းပ

နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကို ဩဂုတ်လ ပထမ ရက်သတ္တပတ်အတွင်း နေပြည်တော်၌ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)



ကြီးပွားတိုးတက်

ရခိုင်ပြည်နယ်သည် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရှိထားပြီးသော အခြေခံကောင်းများအပေါ်တွင် စီးပွားရေးလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ပိုမိုရရှိနိုင်ကြောင်း၊ သာမန်မျှ အလုပ်လုပ်လျှင် သာမန်မျှသာ အကျိုးခံစားရနိုင်ပြီး ကြိုးကြိုးစားစား လုပ်မှသာလျှင် ကြီးပွားတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ လယ်ယာကဏ္ဍတွင်လည်း သာမန်စိုက်ပျိုးထုတ်လုပ်သည့်အဆင့်မှ အထူးအထွက်တိုးနည်းလမ်းများ အသုံးပြု၍ စိုက်ပျိုးကြရန်လိုကြောင်း။

လေ့ကျင့်ပျိုးထောင်

ပညာရေးကဏ္ဍမြင့်မားမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့တပည့်များကို အမှန်တကယ် တတ်ကျွမ်းအောင် သင်ကြားပေးနိုင်ရန်လိုကြောင်း၊ တပည့်များကို ပညာတတ်ရုံသာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ စည်းကမ်းကောင်းမွန်သူများ၊ ဥပဒေကို လေးစားလိုက်နာတတ်သူများဖြစ်အောင် သင်ကြားပေးရန်လိုကြောင်း၊ ထို့အတူ မိမိတိုင်းပြည်ကို ချစ်မြတ်နိုးပြီး ပြည်ထောင်စုစိတ်ဓာတ်စွဲမြဲထက်သန်နေသူများဖြစ်အောင် ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးသွားရန်လိုကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းများမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၉

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ကျင်းပရာ ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ပညာသင်ကြားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ခြောက်ဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော ရေဆင်း အခြေခံပညာအထက်တန်းကျောင်းမှ မဇူးဇူးစံ၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ မပြည့်သဇင်နှင့် မောင်လာလ်စံလွယ်၊ ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မအိအိထွန်းဝေနှင့် ပျဉ်းမနားမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မနှင်းမြတ်နိုးထွန်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးကြူက ငါးဘာသာဂုဏ်ထူးရှင် ခြောက်ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဦးသန်းဌေး၊ ဒေါက်တာသန်းအောင်၊ ဦးမြင့်ဆွေ၊ ဦးမြင့်ရွှေနှင့် ဦးမျိုးညွန့်၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းတို့က ငါးဘာသာဂုဏ်ထူးရှင် ကိုးဦးနှင့် လေးဘာသာဂုဏ်ထူးရှင် ၂၅ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအေးကြူက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ပဥ္စမအဆင့်ရ ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသိန်းဇံနှင့် စတုတ္ထအဆင့်ရ လယ်ဝေးမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး တတိယအဆင့်ရ ပျဉ်းမနားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သကြားစက်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခိုင်၊ ဒုတိယအဆင့်ရ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာကျော်ဝင်းစိုးနှင့် ပထမအဆင့်ရ ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကျော်လှိုင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

နေပြည်တော်ကောင်စီ နယ်မြေ မြို့နယ် ရှစ်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၁၁၀၄၅ ဦးအနက် ၃၅၇၆ဦး အောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၅ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၆၃ ဦး စုစုပေါင်း ၄၁၁ ဦး ထူးချွန်စွာ အောင်မြင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထောက်ပံ့ငွေများ ပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မင်းပြားမြို့ရာမောင်ခန်းမ၌ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများကို မင်းပြားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးကဏ္ဍအနေဖြင့် ကျေးလက်ဒေသနေပြည်သူအများစုသည် ကျန်းမာရေးအသိ အားနည်းနေသေးကြောင်း၊ အထူးသဖြင့် ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးတိုးရောဂါများဖြစ်ပွားသည့် အကြောင်းအရင်းကို သိရှိမှု အားနည်းနေသေးကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မြို့ပေါ်ရှိ ဆေးရုံများတွင် ဆေးဝါးကုသပေးရုံသာမက ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်သွားရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် ဥမကွဲ သိုက်မပျက် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြကြောင်း၊ ကျဉ်းမြောင်းသည့် လူမျိုးစွဲဝါဒ၊ ဒေသစွဲဝါဒများထားရှိရန် မသင့်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းနေထိုင်မှသာ မိမိတို့နိုင်ငံ အခွန့်ရှည်တည်တံ့နေမည်ဖြစ်ကြောင်း၊ အတိတ်ကဖြစ်ရပ်များအပေါ် သင်ခန်းစာယူ၍ တိုင်းရင်းသားအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

MRTV-4 (၇)နှစ်ပြည့် အထိမ်းအမှတ်ပြပွဲ ဩဂုတ် ၁ ရက်အထိ ပြသမည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသည့် MRTV-4 (၇)နှစ်ပြည့် အထိမ်းအမှတ်ပြပွဲကို ဩဂုတ် ၁ ရက်အထိ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြပွဲကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်းနှင့် ယနေ့တွင် ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အစည်းအဝေးကျင်းပ

နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကို ဩဂုတ်လ ပထမ ရက်သတ္တပတ်အတွင်း နေပြည်တော်၌ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီ အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ်စည်းဝေး

နေပြည်တော် ဇူလိုင် ၂၉

သတ္တုတွင်းဝန်ကြီးဌာနက နဝမအကြိမ် အာဆီယံနိုင်ငံများ၏ ကျောက်မီးသွေးကောင်စီအစည်းအဝေးကို ဩဂုတ်လ ပထမရက်သတ္တပတ်အတွင်း နေပြည်တော်၌ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးကျင်းပရေး ဗဟိုကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီတွင် ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်အမှာစကားပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ကော်မတီအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr.Prajuab Supinee သည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား ဆွေးနွေးပွဲကို ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံး၌ ကျင်းပရေးကိစ္စကို ဆွေးနွေးမည်ဖြစ်သည်။

ပေးသွင်းနိုင်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သည်/စက်မှု အသင်းချုပ် ဖုန်း-၂၁၄၃၄၄ မှ ၄၉ အထိ Ext; ၁၂၁၊ ၁၂၂ တို့သို့ ဆက်သွယ်၍ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငွေစုငွေချေး သမဝါယမအသင်း တောင်ဥက္ကလာပ၌ ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ဇူလိုင် ၂၀ ရက်က အထက(၅) ကေသရာဇာခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအောင်ရှိန်၊ မြို့နယ်ပညာရေးမှူး ဦးရဲတင့်၊ မြို့နယ်သမဝါယမဦးစီးမှူး ဦးသိန်းဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းများကို အတွင်းရေးမှူး ဦးထွန်းလင်းက ဖတ်ကြားပြီးနောက် သက်ကြီးအမှုဆောင်ဟောင်းများအား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (ဝ၀၄)

ကဝမြို့ အခြေခံပညာအထက်တန်းကျောင်း ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်း၌ ဇူလိုင် ၂၂ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရ မောင်ဇော်တိုးလွင်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ဝ၆၄)

ပူတာအိုခရိုင်၌ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ပူတာအို ဇူလိုင် ၂၉

ပူတာအိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၀ရက် ညနေ ၆နာရီက ခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး အထက်တန်းအဆင့် သုံးဦး၊ အလယ်တန်းအဆင့် ခုနစ်ဦးအား ခရိုင်အုပ်ချုပ်ရေးမှူး၏ ဇနီး ဒေါ်သက်သက်ဦးကလည်းကောင်း၊ မူလတန်းအဆင့် လေးဦးအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှမိုးဦးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေစီးရေလာ ကောင်းမွန်ရေး ငပုတော၌ဆောင်ရွက်

ငပုတော ဇူလိုင် ၂၉

ငပုတောမြို့ မြို့မဈေးရှေ့ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဇူလိုင် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေးနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်တို့ ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ရပ်ကွက်အုပ်ချုပ်ရေးမှူးများ သင်တန်း အလုံမြို့နယ်ခန်းမ၌ ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပသော ခရိုင်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ အုပ်ချုပ်ရေးဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၅ ရက်က အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးနှင့်ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး သင်တန်းသား ၁၅၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ဝ၄၂)

ထန်းတပင်မြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ရန်ကုန် ဇူလိုင် ၂၉

ငါးမျိုးများ ရေရှည်တည်တံ့စေရေးနှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးရွာ ပန်းတိုင်ရေတံခါးနှင့် ကုက္ကိုဝမြစ် သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၁ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းစခန်းမှ ဦးစီးအရာရှိဦးလှဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ ငါးမြစ်ချင်း၊ ငါးခုံးမ ငါးသားပေါက်များအား မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (ဝ၄၈)

ပလောက်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်များတွင် သန့်ရှင်းသပ်ရပ်မှု၊ ကျန်းမာရေးနှင့် ညီညွတ်စေရန်အိုင်အိုဒင်းဆား ရောင်းချသုံးစွဲမှု ရှိ၊ မရှိကို ဇွန် ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံ ဦးဟုန်မိုး၊ မြို့နယ်ဆရာဝန် ဒေါက်တာပြုံးချိုနှင့်ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၉

စာကြည့်တိုက်အဆောက်အအုံသစ် တွံတေးမြို့နယ်၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ထော်သိ ကျေးရွာအုပ်စု တာဝကျေးရွာ၌ တက်လူစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအေးသောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ထော်သိကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင် တိုးပွားရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာအုပ်စာစောင် အုပ် ၁၅၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကလေးမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ် အရှေ့စည်းကျေးရွာ၌ ဘဝအလင်းတန်းစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက်က အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ရှေ့တွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူများက ဘဝအလင်းတန်း စာကြည့်တိုက်အတွက် သုတရသ စာအုပ်မျိုးစုံ ၁၂၅၀ ကို ပေးအပ်လှူဒါန်းကြသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ စာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါ စာကြည့်တိုက်မှာ အလျား ၂၂ ပေ၊ အနံ ၂၀ ပေ၊ အမြင့် ကိုးပေရှိပြီး သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း အဆောက်အအုံ အမျိုးအစားဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တောင်ငူမြို့ သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်-မန္တလေးလမ်းမကြီး လမ်းဘေးဝဲယာရှိ အမှိုက်နှင့်ချုံနွယ်များအား အဖွဲ့ဝန်ထမ်းများဖြင့် သန့်ရှင်းခြင်းလုပ်ငန်းကို ဇွန် ၂၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေးနှင့် ဦးစီးအရာရှိ ဦးဝင်းဆန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ခင်လေးစားရသော **ဆရာမ ဒေါ်အေးမိုးမိုး** (ကထိက၊ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန)၏ ၃၀-၇-၂၀၁၁ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ချမ်းမြေ့ပျော်ရွှင်သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မောင်မျိုးနှင့် တပည့်များ

အမည်မှန်

ဦးနေမင်းဝင်း၏သား အထက(၁) သဃ်န်းကျွန်း ပဉ္စမတန်း(J) မှ မောင်မင်းသိန်းကျော်၏အမည်မှန်မှာ မောင်မင်းသိမ်းကျော် ဖြစ်ပါကြောင်း။

မောင်မင်းသိမ်းကျော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ မြေတိုင်း ရပ်ကွက်အမှတ်(၉၂)၊ မြေကွက်အမှတ် (၂၀)၊ ဧရိယာ(၀.၁၃၉)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ရတနာလမ်း၊ ခြံအမှတ်(၈)ဟုခေါ်တွင်သည့် မြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ပိုပိုစိန် ၁၂/တမန(နိုင်)၀၆၁၅၂၁ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုအပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B , DBL, DML, DIL, DLP, WIPO (Switzerland).
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc (Hon), IC, HGP, R.L, D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း -၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၈၄

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉၊ ကံဘဲ့၊ ဦးပိုင်အမှတ် ၁/က၊ ၂၃သမ၅၇၇ကေအကျယ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် ၂၊ ဦးထွန်းငြိမ်းလမ်း၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော အိမ်နှင့် မြေတို့သည် ကျွန်တော်ဦးဇော်နိုင်၊ အဖ ဦးမောင်မောင်၊ နိုင်ငံသားကတ်အမှတ် ၁၂/ပဘတ(နိုင်)၀၁၈၀၈၄က မြေနှင့်အဆောက်အအုံကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသော ဦးတင်မောင် အပါအဝင် စုစုပေါင်း လူ၁၁ဦးတို့က စာချုပ်စာတမ်းဖြင့် စွန့်လွှတ်လွှဲပြောင်းပေးထားသော မြေနှင့်အဆောက်အအုံဖြစ်ပါသည်။ ကျွန်တော်၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မြေနှင့်အဆောက်အအုံကို ဝင်ရောက်ကျူးကျော်စီမံခန့်ခွဲခြင်းမပြုရန် တားမြစ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဟု အများသိစေရန် ကြေညာပါသည်။

ဦးဇော်နိုင်
၁၂/ပဘတ(နိုင်)၀၁၈၀၈၄
အမှတ်(၃၉၄/၃၉၆)၊ ရွှေဘုံသာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊
ဖုန်း-၀၉-၅၀၄၅၄၅၄

ကျေးဇူးဆပ်

ကျွန်တော်ဦးမောင်ကြည် ၅/မရန(နိုင်)၀၀၀၁၇၁၈၏ ပတ်စ်ပို့အမှတ် ၈၅၇၇၉၀မှာ ပျောက်သွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း- ၇၃၀၅၁၅၇၄

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မာန်မြေ ၃လမ်း/အရှေ့၊ (၉၂၈)နေ ဦးစောညီညီထွေး ၁၂/သကတ(နိုင်)၁၂၉၁၈၈၏ သားကြီးဖြစ်သူ မောင်စိုးသူထွေး ၁၂/သကတ(နိုင်)၁၇၃၅၇၇ သည် အကြိမ်ကြိမ် စိတ်နှလုံးပင်ပန်းဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၂၈-၇-၂၀၁၁ရက်မှစတင်၍ သားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ ၎င်းကိစ္စများနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးစောညီညီထွေး
၁၂/သကတ(နိုင်)၁၂၉၁၈၈

ရေစီးရေလာကောင်းရေးဆောင်ရွက်

ဝိုင်းမော် ဇူလိုင် ၂၉

ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဒူဝါဇော်လွန်းလမ်းမကြီးဘေး ရေမြောင်းများ တူးဖော်ခြင်းနှင့် ကွန်ကရစ်တံတားနှစ်စင်းအား ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇူလိုင် ၂၄ ရက်က အငယ်တန်းအင်ဂျင်နီယာ-၂ ဦးယုန်ဖုနှင့်အဖွဲ့ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းမြင့် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**



ထုတ်ယူသုံးစွဲ

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဇလင်းတောင်ကျေးရွာ၌ လေးလက်မ စက်ရေတွင်း ရေမြှင့်ပန့်တပ်ဆင်မှုကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးစိုးမင်းလတ်နှင့် ဝန်ထမ်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ကျေးရွာသူကျေးရွာသားများ သောက်သုံးရေ ထုတ်ယူသုံးစွဲကြစဉ်။ (မြို့နယ်စည်ပင်)

ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

နေပြည်တော် ဇူလိုင် ၂၉

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၁) ဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသနစုဝေးခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးထံ ပေးအပ်သည်။ အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးအရာရှိအဆင့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁၁ ရက်မှ ၂၇ ရက်အထိဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

STI Educationမှ မိမိတို့အဖွဲ့အစည်းများ၏ အားသာချက်များ တည်ဆောက်နိုင်ပုံ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

STI Education ၏ Visiting Professor Dr. A K Puri က ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မိမိတို့ အဖွဲ့အစည်းများ၏ အများထက်သာလွန်သည့် အားသာချက်များ တည်ဆောက်နိုင်ပုံနှင့် စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ကြောင်း၊ အဆိုပါပညာရှင်သည် Institute of Science and Technology ၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ၂၀ နှစ်ကျော် စီမံခန့်ခွဲရေးရာဘာသာရပ်များအား ဘွဲ့ကြိုနှင့်ဘွဲ့လွန် သင်ကြားပို့ချခဲ့သည့် အတွေ့အကြုံရှိကြောင်းသိရှိရသည်။

ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းအသစ် စတင်ထူထောင်ခြင်းနှင့် entrepreneurship အကြောင်းကို လည်းကောင်း၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် နည်းဗျူဟာချမှတ် လုပ်ဆောင်ခြင်းကို လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန် Competitive Strength များ တည်ဆောက်နိုင်ပုံနှင့် Supply Chain ၏ စိန်ခေါ်မှုများကိုပါ ဦးဆောင် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘဏ်လုပ်ငန်းများအတွက် Operation နှင့် Marketing သာမက Forex markets နှင့် ယင်းခန့်ခွဲမှုကိုပါ ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

စိတ်ပါဝင်စားသူများအနေနှင့် STI Education တည်ရှိရာ အဆောင် ၄၊ အခန်း၇၊ Myanmar Info-Tech, Hlaing Campus လှိုင်မြို့နယ်သို့ လည်းကောင်း၊ အမှတ် ၃၇၇ ရွှေဘုံသာ(အထက်)လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ဖုန်း-၂၅-၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁ တို့သို့ ဆက်သွယ်စုံစမ်း၍ ကြိုတင်စာရင်းပေး လက်မှတ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မိုးကောင်း၌ မီးလောင်မှုဖြစ်ပွား

မိုးကောင်း ဇူလိုင် ၂၉

မိုးကောင်းမြို့နယ် ကြာအင်းကျေးရွာအုပ်စုအတွင်းရှိ ဦးညွှန့်အောင်ပိုင်ဆိုင်သည့် အောင်ချမ်းသာဆန်စက်တွင် ဇူလိုင် ၂၇ ရက် ည ၁၀နာရီ ၁၀ မိနစ်က ဖယောင်းတိုင်မီးထွန်းထားရာမှ အနီးရှိဝါးထရံသို့ကူးစက်ပြီး မီးစတင်လောင်ကျွမ်းရာ မိုးကောင်းမြို့ မီးသတ်စခန်းမှ မီးသတ်မော်တော်ယာဉ်နှင့်အတူ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများဝိုင်းဝန်းငြိမ်းသတ်ကြသဖြင့် ည ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားသည်။

အဆိုပါမီးလောင်မှုကြောင့် လေးခန်းပတ်လည် ငါးပုံဆန်စက်အပါအဝင် အဆောက်အအုံတစ်ခုလုံး ဆုံးရှုံးသွားပြီး ဆန်စက်အစောင့်များဖြစ်သည့် ဦးအောင်မင်း(၃၉)နှစ်နှင့် ဦးဆန်းလင်း(၃၅)နှစ်တို့အား မိုးကောင်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ **(၀၆၂)**

မရမ်းကုန်း (၈)မိုင်လမ်းဆုံအနီး မီးလောင်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် ပြည်လမ်း (၈)မိုင်လမ်းဆုံအနီး အမှတ်(၈၇)ဘီရှိ ကိုရီးယားဖက်ရှင်အထည်အရောင်းဆိုင်မှ ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မီးငြိမ်းသတ်

မီးလောင်သည့်နေရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူ ဦးစိုးနိုင်နှင့်အဖွဲ့၊ မီးသတ်ယာဉ်တစ်စီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အုပ်ချုပ်မှုယာဉ်ခြောက်စီး၊ မီးသတ်ယာဉ် ၃၃ စီးတို့ ရောက်ရှိလာပြီး ဝိုင်းဝန်းငြိမ်းသတ်သဖြင့် နံနက် ၈ နာရီ ၁၈ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

ဆုံးရှုံး

ဖြစ်စဉ်မှာ အလျားပေ ၃၀၊ အနံပေ ၂၀ မြေညီဆိုင်ခန်းအတွင်း အဲယားကွန်းအဝင် ဝိုင်ယာကြိုး အပူလွန်ကဲ၍ မီးစတင်လောင်ကျွမ်းမှုဖြစ်ကာ သွပ်မိုး၊ အထပ်သားအကာအရံများနှင့် ကြမ်းခင်း၊ အဝတ်အထည်များ ဆုံးရှုံးခဲ့ကြောင်းနှင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရှိရသည်။ **(၀၁၅)**

၂၀၁၄ ကမ္ဘာ့ဖလားအာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ တရုတ်နှင့် ဂျော်ဒန်တို့နိုင်ပွဲများရရှိ

မောင်မောင်မြင့်ဆွေ စုစည်းသည်

ဗီယင်ကျန်း ဇူလိုင် ၂၉

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲများ၏ ဒုတိယအကျော့ပွဲစဉ်များကို ဇူလိုင် ၂၈ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ **(ယာပုံ)** လာအိုနှင့် တရုတ်အသင်းတို့ပွဲတွင် အိမ်ရှင်လာအိုတို့က တစ်ဂိုး-ခြောက်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အနိုင်ရရှိ

တရုတ်အသင်းအတွက် ဂိုးများကို ပွဲချိန် ၂၄ မိနစ်၌ ကျူဘိုက တစ်ဂိုး၊ ၃၆ မိနစ်နှင့် ၈၈ မိနစ်တို့၌ ယူဟန်ချိုက နှစ်ဂိုး၊ ၆၇ မိနစ်နှင့် ၈၃ မိနစ်တို့၌ ဒန်ကျောက်စင်းက နှစ်ဂိုးသွင်းယူပြီး ၉၂ မိနစ်၌ ယန်စူက တစ်ဂိုးသွင်းယူခဲ့သဖြင့် ခြောက်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ယင်းနှစ်သင်းသည် ပထမအကျော့ပွဲစဉ်အဖြစ် တရုတ်၌ယှဉ်ပြိုင်ကစားခဲ့ရာ တရုတ်အသင်းက ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နောက်ထပ်ပွဲစဉ်တစ်ပွဲအဖြစ် နီပေါနှင့် ဂျော်ဒန်တို့ ဇူလိုင် ၂၈ ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ဂျော်ဒန်အသင်းအတွက် ဂိုးကို ပွဲချိန် ၆၂ မိနစ်၌ ဆတ်မာဂျန်ကသွင်းယူပြီး နီပေါအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၀ မိနစ်၌ ဘာရက်ခါဝပ်စ်က သွင်းယူပေးခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ ထို့ကြောင့် ဂျော်ဒန်အသင်းက နှစ်ကျော့ပေါင်းရလဒ် ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲရလဒ်များအဖြစ် မလေးရှားနှင့် စင်ကာပူတို့တစ်ဂိုးစီ သရေပွဲဖြစ်ပြီး ဗီယက်နမ်နှင့် ကာတာတို့ပွဲ၌ ဗီယက်နမ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

(၁၄)ကြိမ်မြောက် ကမ္ဘာ့ရေကူးပြိုင်ပွဲ မီတာ ၂၀၀၌ ဂျပန်မှ ကာနေတို ပထမရရှိ

ရှန်ဟိုင်း ဇူလိုင် ၂၉

(၁၄)ကြိမ်မြောက် ကမ္ဘာ့ရေကူးပြိုင်ပွဲကို တရုတ်နိုင်ငံရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိရာ ဇူလိုင် ၂၈ ရက်က ပြုလုပ်သည့်အမျိုးသမီး မီတာ ၂၀၀ ဖားကူးပြိုင်ပွဲတွင် ဂျပန်ရေကူးမယ် ရီအီကာနေတို(ဝဲပုံ)က ပထမရရှိခဲ့သည်။

အသီးသီးရရှိ

အဆိုပါပြိုင်ပွဲတွင် ဒိန်းမတ်ရေကူးမယ် ပီဒါဆင်က ဒုတိယရရှိခဲ့ပြီး တရုတ်ရေကူးမယ် ဆန်ယီက တတိယ ရရှိခဲ့သည်။ ထို့အတူ အမေရိကန်ရေကူးမယ် ရီဘာကာ ဆိုနီက စတုတ္ထ၊ ရုရှားရေကူးမယ် ယူလီယာ အီဖီမိုဗာက ပဉ္စမ၊ ကနေဒါ ရေကူးမယ် ပီအာစီက ဆဋ္ဌမ၊ တစ်ဖန် ကနေဒါရေကူးမယ်မက် ကာဘီက သတ္တမနှင့် ဆားဘီးယားရေကူးမယ် နက်ဂျာဟီဂယ်က အဋ္ဌမအသီးသီးရရှိခဲ့ကြသည်။ *(အင်တာနက်)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်း
အနာဂတ်ကာလ သားစဉ်မြေးဆက်ထိတိုင် လက်ဆင့်ကမ်းနိုင်ရေးကြိုးပမ်း
အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ယခင်ပြိုင်ပွဲများထက် နိမ့်ကျမသွားအောင် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၉

၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဦးစီးကော်မတီဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သဘင်၊ ဂီတပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထူးခြားလေးနက်

ရှေးဦးစွာ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက *စာမျက်နှာ ၄ ကော်လံ ၁* ◆

မိုးထစ်ချုန်းမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။